# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁/ ၂၀၂၅)                                        ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၉) ရက်

| ၉- ၁- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၁၆၄.၁၆ |
| စင်္ကာပူဒေါ်လာ | ၁၅၃၃.၄၆ |
| စတာလင်ပေါင် | ၂၅၈၀.၅၉ |
| ဂျပန်ယန်း (၁၀၀) | ၁၃၂၈.၀၆ |
| တရုတ်ယွမ် | ၂၈၆.၄၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၉၄ |
| အိန္ဒိယရူပီး | ၂၄.၄၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၃.၆၂ |
| မလေးရှား ရင်းဂစ် | ၄၆၆.၀၅ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၉ |
| ထိုင်းဘတ် | ၆၀.၅၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်ဖြူတန်ချိန် ၁ သန်းကို အင်ဒိုနီရှားနိုင်ငံသို့ တင်ပို့ရောင်းချသွားရန် အစိုးရအဖွဲ့အတည်ပြု

➢ အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း ၅ ရာခိုင်နှုန်း ကျော် ကျဆင်း

- **အထွေထွေသတင်းများ**

➢ ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော အိန္ဒိယကုမ္ပဏီများအနေဖြင့် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုမခံရအောင် ၎င်းတို့၏ ပို့ကုန်ပစ္စည်းများကို ဂရုတစိုက် အကဲဖြတ်စစ်ဆေးရန်လိုကြောင်း အမေရိကန်ပြည်ထောင်စု နှင့် ဥရောပသမဂ္ဂတို့မှ သတိပေးပြောကြား

# အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်ဖြူတန်ချိန် ၁ သန်းကို အင်ဒိုနီရှားနိုင်ငံသို့ တင်ပို့ရောင်းချသွားရန် အစိုးရအဖွဲ့အတည်ပြု

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သော ဆန်ဖြူတန်ချိန် ၁ သန်းကို အမျိုးသားသမဝါယမ ပို့ကုန် လီမိတက် (National Cooperative Export Ltd -NCEL) မှ တစ်ဆင့် အင်ဒိုနီရှားနိုင်ငံသို့ တင်ပို့ရောင်းချသွားရန် အိန္ဒိယအစိုးရအဖွဲ့မှ ဇန်နဝါရီလ ၁ ရက် (ဗုဒ္ဓဟူးနေ့) ၌ အတည်ပြုခဲ့ ကြောင်း The Hindu businessline သတင်းဌာနက ယခုလ ၁ ရက်တွင် ဖော်ပြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်နှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံအစိုးရ၏ Bulog အေဂျင်စီ နှင့် အိန္ဒိယနိုင်ငံအစိုးရ၏ NCEL အေဂျင်စီတို့အကြား သဘောတူညီချက်တစ်ရပ်အား လက်မှတ်ရေး ထိုးသွားမည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Shivaraj Singh Chouhan က ပြောကြားခဲ့သည်။

အဆိုပါ NCEL အေဂျင်စီသည် အိန္ဒိယနိုင်ငံမှ ဆန်ဖြူတင်ပို့မှုပိတ်ပင်ထားစဉ်ကာလကတည်း က အစိုးရ၏ခွင့်ပြုမှုစနစ် (Permit system) အရ မိတ်ဆွေနိုင်ငံများသို့ ဘာစမာတီမဟုတ်သော ဆန်ဖြူ တင်ပို့ခွင့်ရရှိထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်းနှင့် ယခုသဘောတူညီမှုအသစ်အရ တင်ပို့မည့် ဆန်များကို လွတ်လပ်သောဈေးကွက်မှ တစ်ဆင့်ဝယ်ယူကာ ဈေးနှုန်းတွက်ချက်မှုစနစ် (price formula) တစ်ခုဖြင့် Bulog အေဂျင်စီထံ ရောင်းချပေးသွားမည်ဟု သိရသည်။

ယင်းသို့တင်ပို့မည့် ဆန်များကို မည်သည့်နေရာမှ ရယူ၍ တင်ပို့သွားမည့်ကိစ္စနှင့်စပ်လျဉ်း၍ ဦးစွာပထမ ရှင်းရှင်းလင်းလင်းမသိရှိခဲ့ရသော်လည်း၊ နောက်ပိုင်းတွင် တာဝန်ရှိသူများက အစိုးရပိုင် အရန်ဆန်များမှ တင်ပို့သွားမည်မဟုတ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် ဦးစွာပထမ ဆန်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ပြီးနောက် နိုဝင်ဘာလ လလယ်ပိုင်းမှစတင်၍ ဈေးနှုန်းအနည်းငယ်ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံမှ ဆန်ဖြူတင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့ပြီးနောက် ပါကစ္စတန်နှင့် ထိုင်းနိုင်ငံကဲ့သို့ အခြား သော ဆန်တင်ပို့သည့်နိုင်ငံတို့မှ ဆန်ဈေးနှုန်းများကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချခဲ့ ကြောင်း ကုန်သည်များက ပြောကြားခဲ့သည်။ သို့သော် ဝယ်သူများမှ ဆန်သစ်များကို ဝယ်ယူလျက်ရှိ သော ဖိလစ်ပိုင်နိုင်ငံမှ ဆန်ဝယ်လိုအားမြင့်တက်လာသည့်အတွက် နိုဝင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ ဆန်ဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ဝေးလံခေါင်သီသော

Agribusiness & Trade

ကမ္ဘာ့အရှေ့ပိုင်း နိုင်ငံများမှ ဝယ်လိုအား တိုးတက်ကောင်းမွန်လာသည့်အတွက် ပြီးခဲ့သည့် နိုဝင်ဘာလ ၁၅ ရက်နေ့မှ လကုန်ပိုင်းအထိ ကမ္ဘာ့ဆန်ဈေးနှုန်း ၁ တန်လျှင် ၁၀ ဒေါ်လာခန့် မြင့်တက်ခဲ့ကြောင်း ကုန်သည်များက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဆန်ဖြူတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကာ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခဲ့ပြီးနောက်၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ထားခဲ့သည်။ တစ်ဖန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခဲ့ပြီး ပေါင်းဆန်တင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခဲ့သည်။ ထို့အပြင် ဘာစမာတီဆန်တင်ပို့မှုအတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းအား ၁ တန်လျှင် ကန်ဒေါ်လာ ၉၅၀ သတ်မှတ်ခဲ့ပြီးနောက်၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ပြည်ပသို့ဆန်တင်ပို့အား ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ရာသီဥတုဖေါက်ပြန်မှုများနှင့် ကြုံတွေ့နေရသော်လည်း ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံ၏ ဆန်ထုတ်လုပ်မှုမှာ မက်ထရစ်တန် ၁၃၇ ဒသမ ၈၂ သန်းရှိပြီး၊ ယခုနှစ် ခါရစ် (မိုးရာသီ)၏ ဆန်ထုတ်လုပ်မှုမှာ တန်ချိန် ၁၁၉ ဒသမ ၉၃ သန်းရှိမည်ဟု ခန့်မှန်းထားသည်။ လက်ရှိဘဏ္ဍာနှစ်ဧပြီလမှ အောက်တိုဘာလအထိ ပြည်ပသို့ ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုမှာ တန်ချိန် ၅ ဒသမ ၇၇ သန်းနှင့် တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၇၉ ဘီလီယံရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ ဘာစမာတီမဟုတ်သော ဆန်ဖြူ တန်ချိန် ၁ သန်းကို တင်ပို့ရောင်းချသွားရန် စီစဉ်လျက်ရှိသည့်အခြေအနေကို သိရှိပြီး၊ မြန်မာနိုင်ငံမှ ဆန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအနေဖြင့် လိုအပ်သကဲ့သို့ ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Ref: The Hindu Businessline, Indian Cabinet nod for 1 mt white rice export to Indonesia L, says Shivraj Singh Chouhan, January 01, 2025

..................................................................................................................

Agribusiness & Trade

## အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန်စျေးကွက်တွင် ဆန်စျေးနှုန်း ၅ ရာခိုင်နှုန်းကျော် ကျဆင်း

ပြီးခဲ့သည့် သီတင်းပတ်သုံးခုအတွင်း အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန်စျေးကွက်တွင် ဆန်ဝယ်လိုအားကျဆင်းလာခြင်း၊ ထုတ်လုပ်မှုနှင့် ရောင်းလိုအားမြင့်တက်လာခြင်းတို့ကြောင့် ဆန်စျေးနှုန်း ၅ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၉ ရက်က ဖော်ပြသည်။

ယခုနှစ်တွင် ဆန်စျေးနှုန်းများ သိသိသာသာကျဆင်းလာခဲ့ကြောင်း၊ ဥပမာ ဒီဇင်ဘာလအစောပိုင်းက ချန်နိုင်းမှ Sona Masuri ဆန်စျေးသည် ၁ ကီလိုဂရမ်လျှင် ၄၂ ရူပီးမှ ၆၂ ရူပီးသို့ ကျဆင်းခဲ့ကြောင်း၊ အလားတူ ဥရောပသမဂ္ဂ စံချိန်စံညွှန်းမီ Sona Masuri ဆန်စျေးသည် ၁ ကီလိုဂရမ်လျှင် ၅၂ ရူပီးမှ ၅၄ ရူပီးသာရှိကြောင်း နယူးဒေလီမြို့အခြေစိုက် ကုန်သွယ်ရေးလေ့လာသူ S Chandrasekaran က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံမှ စျေးနှုန်းသက်သာသောဆန်များကို ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း စျေးနှုန်းမြင့်သော ဆန်များကို ဥရောပနှင့် အမေရိကန်ပြည်ထောင်စုသို့လည်းကောင်း ရောင်းချကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံမှ ဆန်အဝယ် အမှာစာများ ရပ်တန့်သွားပြီဖြစ်ကြောင်း၊ ၎င်းအစိုးရမှ အမြင့်ဆုံးထားရှိရမည့် ဆန်စျေးနှုန်းအား သတ်မှတ်ခဲ့သည့်အတွက် သွင်းကုန်များကျဆင်းသွားခဲ့ကြောင်း၊ ထို့ကြောင့် နောက်ထပ်စုံစမ်းမေးမြန်းလာမှုများလည်း မရှိသေးဟု Rajathi Group ပို့ကုန်လုပ်ငန်းမှ ဒါရိုက်တာ M Madan Prakash က ပြောကြားခဲ့သည်။

အိန္ဒိယဆန်တင်ပို့သူများမှ အာမခံနှင့် ကုန်တင်စရိတ်အပါအဝင် ၁ တန်လျှင် ကန်ဒေါ်လာ ၅၈၀ ခန့်ဖြင့် ရောင်းချရန် ကမ်းလှမ်းထားသော်လည်း မလေးရှားနိုင်ငံမှ ဆန်ဝယ်ယူသူများမှ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ ဖြင့်ရောင်းချပေးရန် စျေးဆစ်ခဲ့ကြောင်း၊ သို့သော် ဆန်တင်ပို့သူများအနေဖြင့် ကုန်တင်စရိတ်များ ကြီးမြင့်သည့်အတွက် အဆိုပါစျေးနှုန်းဖြင့် ရောင်းချလိုခြင်း မရှိကြကြောင်း သိရသည်။

အိန္ဒိယဆန်စျေးနှုန်းမှာ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်စျေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် များစွာ လျော့ကျသွားခြင်းမျိုး မရှိဟု အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း (The Rice Exporters Association -TREA) ဥက္ကဋ္ဌ BV Krishna Rao က ပြောကြားခဲ့သည်။ ဒေါ်လာနှင့် ချိတ်ဆက်သော ရူပီးစျေးကျဆင်းသဖြင့် ဆန်စျေးနှုန်းကျဆင်းပြီး အိန္ဒိယဆန်ဝယ်လိုအား ကျဆင်းလာ

ကြောင်း နယူးဒေလီမြို့အခြေစိုက် ဆန်ကုန်သည်တစ်ဦးဖြစ်သူ Rajesh Paharia Jain က ပြောကြားခဲ့သည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော ဆန်စျေးနှုန်းများကိုကြည့်လျှင် ထိုင်းနိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်မှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၄ ရှိပြီး၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လလယ်က ၁ တန်လျှင် ကန်ဒေါ်လာ ၅၂၃ ရှိသဖြင့် ကျဆင်းခဲ့ကြောင်း ထိုင်းနိုင်ငံ ဆန်တင်ပို့ရောင်းချသူများအသင်း (Thai Rice Exporters Association) မှ သိရသည်။ အိန္ဒိယမှ အလားတူဆန်၏ စျေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၄၇ မှ ၄၅၁ ဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ၁ တန်လျှင် ကန်ဒေါ်လာ ၄၆၀ မှ ၄၆၄ ဖြင့်လည်းကောင်း စျေးဖွင့်ထားကြောင်း သိရသည်။

ပေါင်းဆန်စျေးကွက်တွင်မူ အိန္ဒိယမှ နှာတစ်ဖျားအသာစီးရရှိလျက်ရှိပြီး ၁ တန်လျှင် ကန်ဒေါ်လာ ၄၄၀ မှ ၄၄၄ ဖြင့် ကမ်းလှမ်းရောင်းချလျက်ရှိစဉ် ပါကစ္စတန်ပေါင်းဆန်မှာ ကန်ဒေါ်လာ ၄၆၂ မှ ၄၆၆ ဖြင့် လည်းကောင်း၊ ထိုင်းပေါင်းဆန်မှာ ကန်ဒေါ်လာ ၅၀၆ ဖြင့်လည်းကောင်း ကမ်းလှမ်းရောင်းချလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် မည်သည့် ဆန်စက်ကမျှ ဆန်လက်ကျန်များ ချန်ထားလိုခြင်းမရှိဟု Chandrasekaran က ပြောကြားခဲ့သည်။ ယင်းအချက်က ခါရစ်(မိုးရာသီ)တွင် ဆန်စပါး စံချိန်တင်ထွက်ရှိထားကြောင်း ပြသလျက်ရှိကြောင်း သိရသည်။ လက်ရှိ သီးနှံနှစ်အတွင်း ခါရစ်စပါးအထွက်နှုန်းသည် တန်ချိန် ၁၁၉ ဒသမ ၃၄ သန်းရှိကာ၊ ယခင်နှစ်ကာလတူက တန်ချိန် ၁၁၃ ဒသမ ၂၆ သန်းသာ ထွက်ရှိသည့်အတွက် စံချိန်တင် တိုးတက်လာခဲ့ကြောင်း အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။ အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA) နှင့် The trade တို့မှ ယခုနှစ် သီးနှံရာသီအတွက် အိန္ဒိယနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို တန်ချိန် ၁၃၇ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှ ဆန်ကုန်သေတ္တာ ၅၀၀ ခန့်သည် မလေးရှားနိုင်ငံ Pasir Gudang ဆိပ်ကမ်း၌ ရွေးယူမည့်သူမရှိပဲ ပိတ်မိလျက်ရှိကြောင်း၊ ဆန်စျေးနှုန်းများ ရုတ်တရက်ကျဆင်းခဲ့သည့်အတွက် ဆန်ဝယ်သူများက လက်ခံရန် ငြင်းပယ်ခဲ့သည့်အတွက် ယင်းသို့ ဆိပ်ကမ်း၌ ပိတ်မိလျက်ရှိနေကြောင်း Prakash က ပြောကြားခဲ့သည်။ ထို့ကြောင့် ဆန်တင်ပို့သူများအနေဖြင့် အဆိုပါဆန်များကို ရရာစျေးနှုန်းဖြင့် ရောင်းချသွားရန်ရှိပြီး၊ ယင်းအချက်ကလည်း ဆန်စျေးကွက်အပေါ် ဖိအားတစ်ခုဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံသည် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ ဆန်အနည်းငယ်သောပမာဏကို တင်ပို့ ရောင်းချထားပြီးဖြစ်ကြောင်း၊ အာဖရိကဖက်မှ ဆန်ဝယ်လိုအားကောင်းမွန်လျက်ရှိပြီး၊ ယခု အခါ ယင်းသို့တင်ပို့မည့် ဆန်သင်္ဘော ၁၈ စီးမှာ Kakinada ဆိပ်ကမ်း၌ ဆိုက်ကပ်ထားပြီဖြစ်ကြောင်း အိန္ဒိယ ဆန်တင်ပို့ ရောင်းချသူများအသင်း (TREA) ၏ ဥက္ကဋ္ဌ Rao ပြောကြားခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံသည် ဆန်တန်ချိန် ၁ သန်းအား အမျိုးသားသမဝါယမပို့ကုန်လီမိတက် မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ရောင်းချသွားရန်ရှိကြောင်း အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားများ ဖူလုံရေးဝန်ကြီးဌာနဝန်ကြီး Shivraj Singh Chouhan က ပြီးခဲ့သည့် သီတင်းပတ် က ပြောကြားခဲ့သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (The Food and Agriculture Organisation -FAO) က လည်း ကမ္ဘာ့ဆန်ဈေးနှုန်းကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထား သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Ref: The Hindu Businessline, Global rice prices drop over 5% on slack demand, ample supplies, January 09, 2025

................................................................................................................

## ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော အိန္ဒိယကုမ္ပဏီများအနေဖြင့် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုမခံရအောင် ၎င်းတို့၏ ပို့ကုန်ပစ္စည်းများကို ဂရုတစိုက် အကဲဖြတ်စစ်ဆေးရန်လိုကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ သတိပေးပြောကြား

ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသော အိန္ဒိယကုမ္ပဏီများအနေဖြင့် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုမခံရအောင် ၎င်းတို့၏ ပို့ကုန်ပစ္စည်းများကို ဂရုတစိုက် အကဲဖြတ်စစ်ဆေးရန်လိုကြောင်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ သတိပေးပြောကြားလိုက်ကြောင်း သိရသည်။ ၎င်းတို့အနေဖြင့် တင်ပို့လိုက်သော ထုတ်ကုန်ပစ္စည်းများနှင့် အဆိုပါပစ္စည်းတို့၏ အစိတ်အပိုင်းများ သည် ရုရှားနှင့် ယူကရိန်း ပဋိပက္ခကို အထောက်အကူပြုသည့် တားမြစ်အမယ်များစာရင်း၌ ပါဝင်

ခြင်းရှိ/မရှိ သေချာစွာစိစစ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု The Hindu Businessline သတင်းဌာနက ယခုလ ၉ ရက်က ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ စီးပွားရေးပိတ်ဆို့အရေးယူမှုဆိုင်ရာ အဖွဲ့များမှ တာဝန်ရှိသူများသည် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ အထူးဦးစားပေး တားမြစ်အမယ် (၅၀) မျိုးပါဝင်သော ၎င်းတို့ ပူးတွဲထုတ်ပြန်ထားသည့် စာရင်းပါ အချက်အလက်များကို ဖော်ပြကာ အဆိုပါ ကုန်ပစ္စည်းအမျိုးအမယ်များအား ရုရှားစစ်မြေပြင်သို့ ဝင်ရောက်မလာစေရေး သတိထားဆောင်ရွက်ကြရန် ပညာပေးဆွေးနွေးခဲ့ကြောင်း အဆိုပါကိစ္စနှင့် နီးစပ်သော ရင်းမြစ်တစ်ခုက Businessline သို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအစောပိုင်းက အမေရိကန်ပြည်ထောင်စု စက်မှုနှင့် လုံခြုံရေးဗျူရို (US Bureau of Industry and Security) နှင့် နိုင်ငံရပ်ခြားရပိုင်ခွင့်များထိန်းချုပ်ရေးဌာန (Office of Foreign Assets Control)တို့မှ အဖွဲ့များနှင့် ဥရောပသမဂ္ဂ အရေးယူပိတ်ဆို့ရေးဆိုင်ရာ အထူးသံတမန် David Sullivan ဦးဆောင်သောအဖွဲ့တစ်ခုတို့မှ အိန္ဒိယနိုင်ငံသို့လာရောက်၍ ယင်းသို့ သတိပေးပြောကြားခဲ့ကြောင်း သိရသည်။ ရုရှားနိုင်ငံသို့ တင်ပို့လိုက်သော ပစ္စည်းများသည် အရပ်ဖက်သုံးပစ္စည်းများပင် ဖြစ်လင့်ကစား အကယ်၍ ဖြုတ်ယူရရှိသော အချို့အစိတ်အပိုင်းများကို စစ်ဖက်၌သုံးစွဲနိုင်သည့် အလားအလာမျိုးရှိပါက ပိတ်ဆို့အရေးယူ ခံရနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်၊ ဥရောပသမဂ္ဂ၊ ယူကေနှင့် ဂျပန်နိုင်ငံတို့မှ ပူးတွဲပြင်ဆင်ထုတ်ပြန်ခဲ့သော အဆိုပါ အထူးဦးစားပေး တားမြစ်ကုန်ပစ္စည်းများအနက် အိုင်စီများ၊ ရေဒီယိုကြိမ်နှုန်း လွှင့်ထုတ်/ ဖမ်းယူစက်များ၊ ပုံနှိပ်ထားသော လျှပ်စစ်ပတ်လမ်းပြားများဖြင့် ပြုလုပ်ထားသော အီလက်ထရောနစ် ကိရိယာအစိတ်အပိုင်းများနှင့် စစ်မြေပြင်မှ သိမ်းဆည်းရရှိသော အဆင့်မြင့်တိကျပြီး ရှုပ်ထွေးသော သတ္တုအစိတ်အပိုင်းများကို ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ရန် လိုအပ်သော ပစ္စည်းအမျိုးအမယ်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါ တားမြစ်ကုန်များစာရင်းတွင် အီလက်ထရောနစ်ပစ္စည်းများဖြစ်သော အိုင်စီများအပါအဝင် အရပ်ဖက်သုံးနှင့် စားသုံးသူသုံးကုန်စည်အများအပြား ပါဝင်လျက်ရှိသဖြင့် အိန္ဒိယကုမ္ပဏီများအနေဖြင့် အဆိုပါ ကုန်စည်များ၏ မည်သည့်အစိတ်အပိုင်းများသည် အရပ်ဖက်သုံးနှင့် စစ်ဖက်သုံးပစ္စည်းများ ဟုတ်/ မဟုတ် သိရှိရန် မလွယ်ကူကြောင်း အဆိုပါရင်းမြစ်မှ ပြောကြားခဲ့သည်။

သို့သော် အနောက်အုပ်စုမှ ဒဏ်ခတ်အရေးယူမှုများတွင် ဘဏ်စာရင်းနှင့် ရပိုင်ခွင့်များ ထိန်းသိမ်းခြင်း၊ ပို့ကုန်တားမြစ်ခြင်းတို့ပါဝင်သဖြင့် အိန္ဒိယကုမ္ပဏီများအနေဖြင့် သတိပြုရန်လိုကြောင်း၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့အထိ ကမ္ဘာတစ်ဝှမ်းမှ အရေးယူပိတ်ဆို့ထား

Agribusiness & Trade

သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ် ၄၀၀ ပါဝင်သော စာရင်းကို အမေရိကန်ပြည်ထောင်စုမှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် ရုရှား-ယူကရိန်းပဋိပက္ခကို တစ်နည်းနည်းဖြင့် ကူညီထောက်ပံ့သူများဖြစ်ပြီး အိန္ဒိယမှ ကုမ္ပဏီအဖွဲ့အစည်း ၁၉ ခုနှင့် အိန္ဒိယလူမျိုး ၂ ဦးတို့ပါဝင်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၆ နေ့က ဥရောပသမဂ္ဂမှ ထုတ်ပြန်ခဲ့သော ကုမ္ပဏီသစ် ၃၂ ခုပါ အလားတူစာရင်းတစ်ခုတွင် အိန္ဒိယကုမ္ပဏီဖြစ်သော Triac Electronics ကုမ္ပဏီပါဝင်ကြောင်း သိရသည်။ ဒေါ်နယ်ထရန့်မှ အမေရိကန်သမ္မတတာဝန်အား ပြန်လည်ရယူသည့်အချိန်မှစ၍ အဆိုပါပိတ်ဆို့အရေးယူမှုများ လျှော့ကျလာဖွယ်ရှိသော်လည်း ဥရောပသမဂ္ဂ၊ ယူကေ၊ ဂျပန်၊ ဩစတေးလျနှင့် ကနေဒါနိုင်ငံတို့မှ အရေးယူပိတ်ဆို့မှုများမှာ လျှော့ကျဖွယ်မရှိသည့်အတွက် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သတိပြုရန်လိုကြောင်း အစိုးရအရင်းအမြစ်တစ်ခုမှ ပြောကြားခဲ့သည်။

၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံမှ ရုရှားနိုင်ငံသို့ ပို့ကုန်တင်ပို့မှု ကန်ဒေါ်လာ ၄ ဒသမ ၂၆ ဘီလီယံရှိပြီး၊ ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၃ ဒသမ ၁၄ ဘီလီယံသာရှိသည့်အတွက် နှစ်အလိုက်တိုးတက်မှု ၃၅ ဒသမ ၄၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ တစ်ဖက်တွင် တစ်နိုင်ငံလုံး၏ ပို့ကုန်မှာ ယခင် ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၄၅၁ ဘီလီယံရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၄၃၇ ဘီလီယံရှိ၍ ၃ ဒသမ ၁၀ ရာ ခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ အိန္ဒိယနိုင်ငံမှ ရုရှားနိုင်ငံသို့ တင်ပို့မှု ကန်ဒေါ်လာ ၃ ဒသမ ၀၄ ဘီလီယံရှိပြီး ၃၀ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အဓိကပို့ကုန်ပစ္စည်းများမှာ နူကလီးယားရီအက်တာများ၊ ဘွိုင်လာများ၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ၊ အီလက်ထရောနစ်ကိရိယာများ၊ အစိတ်အပိုင်းများ၊ ဓါတုနှင့် ဆေးဝါးပစ္စည်းများဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့ဦးဆောင်သော အနောက်အုပ်စုမှ အိန္ဒိယ ပို့ကုန်လုပ်ငန်းများအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုများနှင့် ယင်းသို့ ဒဏ်ခတ်မခံရအောင် သတိပေးပြောကြားမှုအခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Ref: The Hindu Businessline, US, EU advise Indian exporters to Russia of careful evaluation of products to avoid sanctions, January 09, 2025.

……………………………………………………………………………………………………

Agribusiness & Trade